၁။ သာယာနာပျော်ဘွယ် သီချင်းသံကို ကြားရာ၌ ဖြစ်ပေါ်သောစိတ်ကို ဖော်ပြပါ။
ဖြေ။ အဟိတ်ကုသလဝိပါက် ဥပေက္ခာသဟဂုတ် သောတဝိညာဏ်စိတ်ဖြစ်ပါသည်။

၂။ လှပသောပန်းတစ်ပွင့်ကို မြင်တွေ့ရာခဏ၌ ဖြစ်သောစိတ်ကိုဖော်ပြပါ။
ဖြေ။ အဟိတ်ကုသလဝိပါက် ဥပေက္ခာသဟဂုတ် စက္ခုဝိညာဏ်စိတ် ဖြစ်ပါသည်။

၃။ ရုပ်မြင်သံကြားကြည့်ရှုနေစဉ် အရုပ်ကို မြင်သိသောစိတ်နှင့်အသံကိုကြားသိသောစိတ်တို့၏ အမည်ကို ညွှန်ပြပါ။
ဖြေ။ ရုပ်မြင်သံကြားကြည့်ရှုနေစဉ် အရုပ်ကို မြင်သိသောစိတ်မှာ စက္ခုဝိညာဏ်ဒွေးဖြစ်ပြီး၊ အသံကိုကြားသိသောစိတ်မှာ သောတဝိညာဏ်ဒွေးဖြစ်ပါသည်။

၄။ ခလုတ်ထိမှ အမိတ ဟုပြောဆိုလေ့ရှိကြရာ ခလုတ်ထိစဉ် နာကျင်မှုဝေဒနာနှင့် အတူတကွဖြစ်သော စိတ်ကိုညွှန်ပြပါ။
ဖြေ။ အကုသလဝိပါက် ဒုက္ခသဟဂုတ် ကာယဝိညာဏ်စိတ် ဖြစ်ပါသည်။

၅။ လူ့မှာ လူ့ကိစ္စရှိသကဲ့သို့ စိတ်မှာလည်း လုပ်ငန်းကိစ္စရှိရာ လုပ်ငန်းကိစ္စအများဆုံးသောစိတ်တို့ကို ဖော်ပြ၍၊ ဒွါရငါးပါး၌ဖြစ်သော စိတ်တို့ကိုလည်းညွှန်ပြပါ။
ဖြေ။ ဥပေက္ခာသဟဂုတ် သန္တီရဏ ၂-ပါး
ဒွါရငါးပါး၌ဖြစ်သောစိတ်တို့မှာ-
၁။ ဥပေက္ခာသဟဂုတ် ပဉ္စဒွါရာဝဇ္ဇန်းစိတ်
၂။ အဟိတ်ကုသလဝိပါက် သမ္ပဋိစ္ဆိုင်းစိတ်နှင့်
၃။ အကုသလဝိပါက် သမ္ပဋိစ္ဆိုင်းစိတ်ဟူသော မနောဓာတ် ၃ ပါးပင်ဖြစ်ပါသည်။

၆။ စုံစမ်းထောက်လှမ်းတတ်သော စိတ်တို့၏ အမည်ကိုညွှန်ပြပါ။
ဖြေ။ သန္တီရဏစိတ် ဖြစ်ပါသည်။

၇။ ပြုံးရယ်မှုကို ဖြစ်စေတတ်သော စိတ်အမည်ကိုလည်း ညွှန်ပြခဲ့ပါ။
ဖြေ။ သောမနဿ သဟဂုတ် ဟသိတုပ္ပါဒ်စိတ် ဖြစ်ပါသည်။